http://www.dhammadownload.com

ကျေးဇူးရှင်

# မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူအပ်သော

# ဓမ္မဒေသနာဆောင်ပုဒ်များ

၁၃၁၈-ခုနှစ် ဝါဆိုလဆန်း ၈-ရက် နေ့မှ စ၍
တဝါတွင်းလုံး ဟောကြားသမျှ တရားတော်
တို့ကို
စုပေါင်း ပုံနှိပ်သည်။

---

မင်္ဂလာ အောင်မြင့်
သာသနရိပ်သာ ရန်ကုန်မြို့။
၁-၁၂-၅၆

http://www.dhammadownload.com

# သပြေကန် ပုဗ္ဗန်တောင် ရွှေကျင်ကျောင်းတိုက်
# သံဃာတော်များ ကိုယ်စားလှူဒါန်းသည်။

## ဘဒ္ဒန္တခေမာစာရ (အဂ္ဂမဟာပဏ္ဍိတ)

၁၃.၁၁.၂၀၁၇

http://www.dhammadownload.com

MHS 000037

ကျေးဇူးရှင်

မဟာစည် ဆရာတော်ဘုရား

ဟောကြားတော်မူအပ်သော

# ဓမ္မဒေသနာ ဆောင်ပုဒ်များ

၁၃၁၈-ခုနှစ် ဝါဆိုလဆန်း ၈-ရက် နေ့မှ စ၍
တဝါတွင်းလုံး ဟောကြားသမျှ တရားတော်
တို့ကို
စုပေါင်း ပုံနှိပ်သည်။

---

မင်္ဂလာ အောင်မြင့်
သာသနရိပ်သာ ရန်ကုန်မြို့။
၁-၁၂-၅၆

http://www.dhammadownload.com

သုဓမ္မာစာပုံနှိပ်တိုက်။
၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# ဓမ္မဒေသနာဆောင်ပုဒ်များ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သုတ္တနိပါတ် ပါရာယနဝဂ် နိဒါန်း။

၁။ ။မုဒ္ဒံ မုဒ္ဓါဓိပါတဉ္စ၊ ဗါဝရိ ပရိပုစ္ဆတိ။
တံ ဗျာကရောဟိ ဘဂဝါ၊ ကင်္ခံ ဝိနယ နော ဣသေ။

ဦးခေါင်းဆိုတာ၊ ဘယ်အရာ၊
ခေါင်းပြတ်ထာက အဘယ်နည်း။

၁။ ။အဝိဇ္ဇာ မုဒ္ဓါတိ ဇာနာဟိ၊
ဝိဇ္ဇာ မုဒ္ဓါဓိပါတိနီ။
သဒ္ဓါသတိ သမာဓီဟိ၊ ဆန္ဒ ဝီရိယေန သံယုတာ။

လေးပါးသစ္စာ၊ မသိတာ၊ အဝိဇ္ဇာ ဦးခေါင်းမှတ်။
သဒ္ဓါ ဆန္ဒ၊ ဝီရိယနှင့်၊ မှတ်ရသတိ၊ သမာဓိယှဉ်၊
ဉာဏ်သိမြင်၊ ဝင်စည် ဦးခေါင်းပြတ်။

---

### ပါရာယနဝဂ်

### ၁—အဇိတသုတ်။

၂။ ။ကေနဿု နိဝုတော လောကော၊
ဘယ်သင်းက ဖုံး၊ လောကလုံး၊ ဉာဏ်တုံး
ရသနည်း။

http://www.dhammadownload.com

## ဓမ္မဒေသနာ ဆောင်ပုဒ်များ

၂။ ။အဝိဇ္ဇာယ နိဝုတော လောကော၊

အဝိဇ္ဇာဖုံး၊ လောကလုံး၊ ဉာဏ်တုံးရသတည်း။

၃။ ။ကေနဿု န ပကာသတိ။

ဘယ့်ကြောင့် လူ့ရှင်၊ မပေါ်ထင်၊ ဂုဏ်အင်ညှို့သနည်း။

၃။ ။ဝေဝိစ္ဆာ ပမာဒါန ပကာသတိ။

ဝန်တို-မေ့လျော့၊မပေါ်ထင်၊ဂုဏ်အင်ညှို့သတည်း။

၄။ ။ကိဿာဘိလေပနံ ဗြူသိ၊

မြောက်နှဲ့စေးနှယ်၊ လောကဝယ်၊ ငြိတွယ်ဘယ်သင်းနည်း။

၄။ ။ဇပ္ပါဘိလေပနံ ဗြူမိ၊

မြောက်နှဲ့စေးနှယ်၊ လောကဝယ်၊ ငြိတွယ်တဏှာတည်း။

၅။ ။ကိံသု တဿ မဟဗ္ဘယံ။

ကြောက်ဖွယ်ကောင်းစွာ၊ ဘေးကြီးမှာ၊ ဘယ်ဟာခေါ်သနည်း။

၅။ ။ဒုက္ခ မဿ မဟဗ္ဘယံ။

ကြောက်ဖွယ်ကောင်းစွာ၊ ဘေးကြီးမှာ။ မှတ်ပါဆင်းရဲတည်း။

http://www.dhammadownload.com



၆။ ။သဝန္တိ သဗ္ဗဓိ သောတာ၊
သောတာနံ ကိံ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူဟိ၊ ကေန သောတာ ပိဓိယရေ။

နေရာတိုင်းတွင်၊ စီးသွင်သွင်၊ ရေလျှဉ်များလှသည်၊
ဘယ်ဖြင့် ဆီးတား၊ ရေလျှဉ်များ၊ ခေါင်းပေါ်းပေါ်သနည်း။
ဘယ်ဖြင့်ပိတ်လျှင်၊ ထိုရေလျှဉ်၊ အစဉ်ပြတ်သနည်း။

၇။ ။ယာနိ သောတာနိ လောကသ္မိံ၊
သတိ သေတံ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယရေ။

ရေလျှဉ်တွေစွာ၊ ကိလေသာ၊ လူ့ရွာစီးနေသည်၊
သတိဖြင့်တား၊ ရေလျှဉ်များ၊ ခေါင်းပါးလေတော့သည်။
ဉာဏ်ဖြင့်ပိတ်လျှင်၊ ထိုရေလျှဉ်၊ အစဉ် ပြတ်တော့သည်။

၇။ ။ပညာ စေဝ သတိစာပိ၊ နာမရူပဉ္စ မာရိသ။
ဧတံ မေ ပုဋ္ဌော ပဗြူဟိ၊ ကတ္ထေတံ ဥပရုဇ္ဈတိ။

**သတိ ပညာ၊ နာမ် ရုပ်မှာ၊ ရှိရာသေးသတည်း၊**
**သူတို့အားလုံး၊ အကုန်တုံး၊ ချုပ်ဆုံး ဘယ်မှာနည်း။**

http://www.dhammadownload.com

## ဓမ္မဒေသနာ ဆောင်ပုဒ်များ

၇။ ။ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

အကြောင်း နိဗ္ဗာန်၊ ရောက်ရိုးမှန်၊ ရုပ်နာမ်အကုန်ချုပ်။
ကံ ဝိညာဏ်တုံး၊ စုတိဆုံး၊ အားလုံး ထိုမှာချုပ်။

၈။ ။ယေ စ သင်္ခါတ ဓမ္မာသေ၊ ယေ စ သေခါ ပုထူ ဣဓ၊
သေသံ မေ၊ ပ၊ မာရိသ။

ကျင့်ပြီး တဖြာ၊ ကျင့်ဆဲပ ါ၊ အရိယာ ၂-မျိုးကဲ့။
သူတို့စိတ်ထား၊ အကျင့်ကား၊ အလား ဘယ်သို့လဲ။

၉။ ။ကာမေသု နာဘိဂိဇ္ဈေယျ၊ မနသာ နာဝိလော သိယာ။
ကုသလော သဗ္ဗဓမ္မာနံ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

ကာမဂုဏ်ထဲ၊မတပ်စွဲ၊ စိတ်သဲ ကြည်လတ်
ကျင့်ဆဲမှတ်။

တရားတိုင်းတွင်၊ ဉာဏ်သက်ဝင်၊ ကျွမ်းကျင်
သိတတ် ကျင့်ပြီးမှတ်။

အမှတ်ရမှု၊ သတိပြု၊ ရှေးရှု သွားတတ် ၂-ဦးလုံး
မှတ်။

(၁၃၁၇-ခု၊ သီတင်းကျွတ် လဆန်း ၈-ရက်နေ့မှစ၍ ဟောသည်။)

http://www.dhammadownload.com



## သုတ္တနိပါတ် ပါရာယနဝဂ်

# ၂–တိဿ မေတ္တေယျသုတ်။

ကောဓ သန္တုသိတော လောကေ၊
ကဿ နော သန္တိ ဣဉ္ဇိတာ။
ကော ဥဘန္တ မညာယ၊ မဇ္ဈေ မန္တာ န လိမ္ပတိ။
ကံ ဗြူသိ မဟာပုရိသောတိ၊ ကောဓ သိဗ္ဗနိမစ္စဂါ။

၁။ လှုပ်ရှားမရှိ၊ ရောင့်ရဲ၍၊ မည်သည့်ပုဂ္ဂိုလ်နည်း။
၂။ အစွန်း ၂-သွယ်၊ အလယ်လဲ သိ၊ မလူးငြိ၊ မည်သည့်ပုဂ္ဂိုလ်နည်း။
၃။ ကျော်လွန်ချုပ်စပ်၊ ပုဂ္ဂိုလ်မြတ်၊ ခေါ်အပ် ဘယ်သူနည်း။

ကာမေသု ဗြဟ္မစရိယဝါ၊ ဝီတတဏှော သဒါ သတော။
သင်္ခါယ နိဗ္ဗုတော ဘိက္ခု၊ တဿ နော သန္တိ ဣဉ္ဇိတာ။

၁။ ကာမပယ်ဖြတ်၊ အကျင့်မြတ်နှင့်၊ အမှတ်သတိ၊ အပြတ်ရှိလျက်၊ မြင်သိဖြိုးကာ၊ ကိလေသာ၊ တဏှာကင်းငြိမ်းချောင်။
(တဏှာကင်း၊ ကိလေသာငြိမ်း-ဟု စပ်ယူ။)
မလှုပ်ရှားဘဲ၊ ကြံ့ခိုင်မြဲ၊ ရောင့်ရဲထာဝစဉ်။

http://www.dhammadownload.com



သော ဥဘန္တ မဘိညာယ၊
မဇ္ဈေ မန္တာ န လိမ္ပတိ။
တံ ဗြူမိ မဟာ ပုရိသောတိ၊
သော ဣဓ သိဗ္ဗနိမစ္စဂါ။

၂။ အစွန်း ၂-သွယ်၊ အလယ်လဲ သိ၊ မလူးငြိ၊ ဤသည့် ပုဂ္ဂိုလ်ပင်။

၃။ ကျော်လွန် ချုပ်စပ်၊ ပုဂ္ဂိုလ်မြတ်၊ ခေါ်အပ် ဤသူပင်။

(ဤ ဂါထာသည် အံ ၂-၃၄၉ ၌လဲ ရှိ၏။)

---

## အစွန်း နှစ်သွယ် ဆောင်ပုဒ်များ။

၁။ ။ဖဿနှင့် ဖဿ သမုဒယကို အစွန်း နှစ်သွယ်၊ ဖဿ နိရောဓကို အလယ် ဟု ခေါ်သည်။

၂။ ။တနည်း။ ။အတိတ်နှင့် အနာဂတ်ကို အစွန်း နှစ်သွယ်၊ ပစ္စုပ္ပန်ကို အလယ်ဟု ခေါ်သည်။

၃။ ။တနည်း။ ။သုခနှင့် ဒုက္ခကို အစွန်း နှစ်သွယ်၊ ဥပေက္ခာကို အလယ် ဟု ခေါ်သည်။

၄။ ။တနည်း။ ။နာမ်နှင့် ရုပ်ကို အစွန်း နှစ်သွယ်၊ ဝိညာဏ်ကို အလယ် ဟု ခေါ်သည်။

http://www.dhammadownload.com



၅။ ။တနည်း။ ။အတွင်းနှင့် အပြင် အာယတနကို အစွန်း နှစ်သွယ်၊ ဝိညာဏ်ကို အလယ်ဟု ခေါ်သည်။

၆။ ။တနည်း။ ။သက္ကာယနှင့်သက္ကာယသမုဒယကို အစွန်းနှစ်သွယ်၊ သက္ကာယ နိရောဓကို အလယ် ဟု ခေါ် သည်။

ဤ (၆) နည်းတို့တွင် ပဌမနည်း၌ အံ အဋ္ဌကထာတွင် ဖဿ အရ ယခု ဘဝခန္ဓာကို ကောက်၍၊ မြင်တိုင်း ကြား တိုင်း၊ ပ၊ သိတိုင်း ၆-ခွါရ၌ ထင်ရှားသော ဖဿနှင့် တကွ ခန္ဓာ ၅-ပါးကို ယူလေ။

ဖဿ သမုဒယ၏ အရ ယခုဘဝ ပြုသည့် ကမ္မဖဿ ကြောင့်၊ ဖြစ်မည့် အနာဂါမ် ဘဝ ခန္ဓာကို ကောက်၍။ ယခု မြင်ခိုက် စသည်၌ မရူမိလျှင် အကြောင်း ညီညွတ်သောအခါ ကံမြောက်၍ ထိုကံက အနာဂတ် ဘဝကို ဖြစ်စေ၏။ သို့ ဖြစ်စေရာ၌ တဏှာရှိမှ ဖြစ်စေနိုင်သဖြင့် တဏှာက ဆက် စပ် ပေးသည်မည်၏။ ရူမိလျှင်ကား ထိုချုပ်စပ်မှု တဏှာ ပျက်လေ၏။ဤသို့ စသည်ဖြင့် အံ အဋ္ဌကထာကိုလဲ ကြည့်၍ သင့်သလို ဖွင့်ပြရာ၏။

(၁၃၁၇-ခု၊ သီတင်းကျွတ် လပြည့်နေ့ ဟောသည်။)

http://www.dhammadownload.com



## သုတ္တနိပါတ် ပါရာယနဝဂ်

## ၃–ပုဏ္ဏကသုတ်။

ကိံနိဿိတာ ဣသယော မနုဇာ၊
ခတ္တိယာ ဗြာဟ္မဏာ ဒေဝတာနံ။
ယညမကပ္ပယိံသု ပုထူဓ လောကေ။

၁။ ။ရသေ့ လူသား၊ မင်းပုံဏားတို့၊ နတ်များ ပူဇော်ကြသည်မှာ။
ဘာကို မြှော်လို့၊ ထိုသူတို့၊ ထိုသို့ ပြုကြပါ သနည်း။

ယေ ကေစိမေ ဣသယော မနုဇာ၊
ခတ္တိယာ ဗြာဟ္မဏာ ဒေဝတာနံ။
ယညမကပ္ပယိံသု ပုထူဓ လောကေ။
အာသီသမာနာ ပုဏ္ဏက ဣတ္ထတ္တံ၊
ဇရံသိတာ ယညမကပ္ပယိံသု။

၁။ ။ဤအဖြစ်မျိုး၊ ကောင်းစားနိုး၊ မြှော်ကိုး ပူဇော်ကြရာသည်။
အို, နာ, သေမင်း၊ ပိုင်နက်တွင်း၊ ချင်းနင်း မှီလျက် ရှိကြသည်။

(ယေကေစိမေ....ခတ္တိယာ....ယညမ....)
ကစ္စိသု တေ ဘဂဝါ ယညပထေ အပ္ပမတ္တာ၊
အတာရု ဇာတိဉ္စ ဇရဉ္စ မာရိသ၊

http://www.dhammadownload.com



၂။ ။သို့ပူဇော်နေ၊ ထိုသူတွေ၊ အို,သေကျော်လွန်ပါ၏လော။

( မိမိတို့၏ ဘာသာတရားနှင့်အညီ ကျင့်သည်ကို ယညပထေ အပ္ပမတ္တာ ဟု ဆိုသည်။)

အာသီသန္တိ ထောမယန္တိ အဘိဇပ္ပန္တိ ဇုဟန္တိ၊
ကာမာဘိဇပ္ပန္တိ ပဋိစ္စ လာဘံ၊
တေ ယာဇယောဂါ ဘဝရာဂရတ္တာ၊
နာတရိံသု ဇာတိ ဇရန္တိ ဗြူမိ။

၂။ ။လိုလား တောင့်တ၊ ချီးမွမ်းကြွေလျက်၊
ဘဝတွယ်ကာ၊ ပူဇော်ရှာလည်း၊
အို, နာ, သေရေး၊ မလွတ်သေး၊
ရန်ဘေး မကင်းသည်သာတည်း။

တေ စေ နာတရိံသု ယာဇယောဂါ၊
ယညေဟိ ဇာတိဉ္စ ဇရဉ္စ မာရိသ။
အထ ကော စရဟိ ဒေဝ မနုဿ လောကေ၊
အတာရိ ဇာတိဉ္စ ဇရဉ္စ မာရိသ။

၃။ ။သို့ဖြစ်ပါမူ၊ ဘယ်လိုလူမှ၊ အို,သေကလုံးဝလွတ်မြောက်ပါသနည်း။

သင်္ခါယ လောကေ ပရောပရာနိ၊
ယဿိဉ္ဇိတံ နတ္ထိ ကုဟိဉ္စိ လောကေ။

http://www.dhammadownload.com



သန္တော ဝိဓူမော အနီဃော နိရာသော၊
အတာရိ သော ဇာတိ ဇရန္တိ ဗြူမိ။

၃။ ။တွင်းပြင် နှစ်ပါး၊ သိသူအား၊ လှုပ်ရှား ဘယ်မှု မရှိပြီ။
မီးငြိမ်းစမြဲ၊ မီးခိုးစဲ၊ ဆင်းရဲ ကိလေ မရှိပြီ။
အာသာကင်းပ၊ ထိုသူမှ၊ လုံး၀ အိုသေ လွတ်မြောက်သည်။

---

## အတွင်း အပြင် ဆောင်ပုဒ်များ။

၁။ ။မိမိကိုယ်ကို အတွင်း၊ သူတပါးကိုယ်ကို အပြင်ဟု ခေါ်သည်။

၂။ ။တနည်း။ ။မိမိ၏ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကိုအတွင်း၊သူတပါး၏ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို အပြင်ဟု ခေါ်သည်။

၃။ ။တနည်း။ ။မိမိ၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် စိတ်ကို အတွင်း၊ သူတပါး၏ မျက်စိ........အပြင်ဟု ခေါ်သည်။

၄။ ။တနည်း။ ။လူ့ လောက ကို အတွင်း၊ နတ် လောကကို အပြင်ဟု ခေါ်သည်။

http://www.dhammadownload.com



၅။ ။ဘာနည်း။ ။ကာမ လောကကို အတွင်း၊ ရူပ အရူပ လောကကို အပြင်ဟု ခေါ်သည်။

၆။ ။ဘာနည်း။ ။ကာမ ရူပ လောကကို အတွင်း၊ အရူပ လောကကို အပြင်ဟု ခေါ်သည်။

(၁၃၁၇-ခု၊ တန်ဆောင်မုန်း လဆန်း ၈-ရက်နေ့ ဟောသည်။)

---

သုတ္တနိပါတ် ပါရာယနဝဂ်

## ၄–မေတ္တဂူသုတ်။

ကုတော နု ဒုက္ခာ သမုဒါဂတာ ဣမေ၊
ယေ ကေစိ လောကသ္မိံ မနေကရူပါ။

၁။ ဆင်းရဲများစွာ၊ လောကမှာ၊
ဖြစ်လာ ဘယ်ကြောင်းကြောင့်ပါနည်း။

ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ။
ယေ ကေစိ လောကသ္မိံ မနေကရူပါ။

၁။ ဆင်းရဲ များစွာ၊ လောကမှာ၊
ဖြစ်လာ ဥပဓိကြောင့်ပေတည်း။

http://www.dhammadownload.com



တဏှာ, ဒိ, ကိ၊ ကံ, ဒုစ္စရိုက်နှင့်၊ ဟာ, ဋ္ဌိ, ခေတ်,
အာ၊ ဝိညာဏာ၊ (၁၀)ဖြာ ဥပဓိ။

(မိစ္ဆာ ဒိဋ္ဌိ အယူဝါဒ ဆိုင်ရာ ဘာသာရေး ကျင့်ဝတ်များကို ကျင့်၍ ဆင်းရဲရသည်မှာ ဒိဋ္ဌိကြောင့်၊ ရာဂ စသည် နှိပ်စက်၍ ဆင်းရဲရသည်မှာ ကိလေသာကြောင့်၊ မသင့်သော အစာကိုစားမိ၍ဆင်းရဲရသည်မှာအာဟာရကြောင့်၊ စိတ်ဆိုး၍ ဆင်းရဲရသည်မှာ ပဋိဃကြောင့်၊ ခေတ် ၄-ပါး ဖေါက်ပြန်၍ ဖျားနာရသည်မှာ ဥပါဒိန္န ခေတ် ၄-ပါး ကြောင့်၊ ဤသို့ စသည်ဖြင့် ဆင်းရဲ ဖြစ်ပုံကို သိအပ်၏။ တဏှာ ကံ ဒုစ္စရိုက် အာယတန ဝိညာဏ်တို့ကြောင့် ဆင်းရဲ ဖြစ်ပုံမှာ ထင်ရှား၏။)

ယော စ အဝိဇ္ဇါ ဥပဓိံ ကရောတိ၊
ပုနပ္ပုနံ ဒုက္ခ မုပေတိ မန္ဒော။
တသ္မာ ပဇာနံ ဥပဓိံ န ကယိရာ၊
ဒုက္ခဿ ဇာတိပ္ပဘဝါနုပဿီ။ ။

၂။ ဤကြောင်းမသိ၊ ဥပဓိ၊ ပြုမိလေသူမှာ။
ထပ်တလဲလဲ၊ ဝဋ်ဆင်းရဲ၊ တွေ့မြဲ တွေ့ရရှာ။
ဤကြောင်းမြင်သိ၊ ပညာရှိ၊ ဥပဓိ မပြုရာ။

http://www.dhammadownload.com



ကထံ နု ဓီရာ ဝိတရန္တိ ဩဃံ၊
ဇာတိံ ဇရံ သောက ပရိဒ္ဒဝဉ္စ။
တံ မေ မုနိ သာဓု ဝိယာကရောဟိ၊
တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။ ။

၂။ အဘယ်သို့လျှင်၊ ပညာရှင်၊
ရေလျဉ် ကျော်လွန်ပါသနည်း၊
ဖြစ်၊ အို၊ ပူဆို့၊ ငိုကြွေးဘို့၊
ဘယ်သို့ ကျော်လွန်ပါသနည်း။

ကိတ္တယိဿာမိ တေ ဓမ္မံ၊ ဒိဋ္ဌေ ဓမ္မေ အနီတိဟံ။
ယံ ဝိဒိတွာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။ ။

၃။ မှတ်ပြု ကျင့်ငြား၊ ကြင်တရား၊
သိသွား လေသူမှာ၊
လောကငြိစွဲ၊ ကျော်လွန်မြဲ၊ ထိုဘဲ တရားပါ၊

ယံ ကိဉ္စိ သမ္ပဇာနာသိ၊
ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။
ဧတေသု နန္ဒိဉ္စ နိဝေသနဉ္စ၊
ပနုဇ္ဇ ဝိညာဏံ န တိဋ္ဌေ။ ။

၄။ ထက်အောက် အလယ်၊ သိရာဝယ်၊ စွန့်ပယ်
ပျော်မွေ့တာ၊
နေမှုလဲပယ်၊ ဝိညာဏ်ပယ်၊ ဖြစ်ဝယ်မတည်ရာ၊

http://www.dhammadownload.com



ဓဝိဝိဟာရီ သတော အပ္ပမတ္တော၊
ဘိက္ခု စရံ ဟိတွာ မမာယိတာနိ။
ဇာတိံ ဇရံ သောက ပရိဒ္ဒဝဉ္စ၊
ဣဓေဝ ဝိဒ္ဒွါ ပဇဟေယျ ဒုက္ခံ။ ။

၅။ သို့ နေသူအား၊ ဆင်းရဲများ၊
လွန်သွားတော့သည်သာ။
(ဤဂါထာ၌ တိုစေရန် ဆောင်ပုဒ် ချုံးထားသည်။)

(၁၃၁၇-ခု၊ ပြာသိုလမြည့်မှာစ၍၊ တန်ခူးလပြည့်မှာအဆုံးသတ်သည်။)

---

သုတ္တနိပါတ် ပါရာယနဝဂ်

## ၅–မေတ္တကသုတ်။

ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေတံ၊
ဝါစာဘိကင်္ခါမိ မဟေသိ တုယှံ။

၁။ ။ငြိမ်းရေးလျှောက်ထား၊ ကျွန်ုပ်အား၊
ဟောကြားတော်မူပါ။

တဝ သုတွာန နိဂ္ဃောသံ၊ သိက္ခေ နိဗ္ဗာန မတ္တနော။ ။

၂။ ။အစဉ်မိန့်သံ၊ မှတ်နာခံ၊ ငြိမ်းရန် ကျင့်လိုပါ။

တေန ဟာတပ္ပံ ကရောဟိ၊ ဣဓေဝ နိပကော သတော။
ဣတော သုတွာန နိဂ္ဃောသံ၊ သိက္ခေ နိဗ္ဗာနမတ္တနော။ ။

၃။ ။သို့ဖြစ်ပါက၊ဓောတက၊သင့် လပြုလေလော့။

၄။ ။ရင့်ကျက်ပညာ၊ အမှတ်ရကာ၊

ဒီမှာ ကျင့်ပေတော့။

ပဿာမဟံ ဒေဝမနုဿလောကေ၊
အကိဉ္စနံ ဗြာဟ္မဏံ ဣရိယမာနံ။

၅။ ။ခကောင်းမှုရှင်း၊ ကြောင့်ကြကင်း၊

နတ်မင်း လူကွင် တွေ့ရပေ။

တံ တံ နမဿာမိ သမန္တစက္ခု၊ ပမုဉ္စ မံ သက္က ကထံကထာဟိ။ ။

၆။ ။ရှိခိုး ဝပ်တွား၊ ကျွန့်ုပ်အား၊

ယုံမှားတွေမှ လွတ်ပါစေ။

နာဟံ သဟိဿာမိ ပမောစနာယ၊
ကထံကထိံ ဓောတက ကဉ္စိ လောကေ။

၇။ ။ဝေဘန်ယုံမှား၊နေသူအား၊ငါကား(ဘုရား)

မကယ်ဘင်နိုင်ပြီ။

ဓမ္မဉ္စ သေဋ္ဌံ အဘိဇာနမာနော၊
ဧဝံ တုဝံ ဩဃမိမံ တရေသိ။ ။

၈။ ။တရား ဘိလျှင်၊ ကိုယ် တိုင် ပင်၊

ရေလျဉ် ကျော်လွန် သွားနိုင်သည်။

http://www.dhammadownload.com



အနုသာသ ဗြဟ္မေ ကရုဏာယမာနော၊
ဝိဝေက ဓမ္မံ ယမဟံ ဝိဇညံ။

၉။ ။ဆိတ်ငြိမ်တရား၊ ဟောညွှန်ကြား
သနား မစ စေလိုသည်။

ယထာဟံ အာကာသောဝ အဗျာပဇ္ဇမာနော။

၁၀။ ။ဟင်းလင်း ပမာ၊ ထိ,ငြိ,ကွာ၊
မှီရာ ကင်းလိုလှပါပြီ။

ဣဓေဝ သန္တော၊ အသိတော စရေယျံ။ ။

၁၁။ ။ကိလေ ကင်းကွာ၊ ငြိမ်းအေးစွာ
ဒီမှာ နေလိုပါတော့သည်။

ကိတ္တယိဿာမိ တေ ဓမ္မံ၊ ဒိဋ္ဌေ ဓမ္မေ အနီတိဟံ။
ယံ ဝိဒိတွာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။ ။

၁၂။ ။မှတ် ပြု ကျင့် ငြား၊ ကြင်တရား၊
သိသွားလေသူမှာ။

၁၃။ ။လောကငြိစွဲ၊ ကျော်လွှန်မြဲ၊
ထိုဘဲ ငြိမ်းအေးရာ။

ယံ ကိဉ္စိ သမ္ပဇာနာသိ၊ ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။

၁၄။ ။ထက် အောက် အလယ်၊ သိရာဝယ်၊
ငြဘွယ်ရာချည်းသာ။

http://www.dhammadownload.com



ဇတံ ဝိဒိတွာ သင်္ခါတိ လောကေ၊ ဘဝါ ဘဝါယမာကာသိ တဏှံ။

၁၅။ ။သို့ သိမြင်လျှက်၊ ဖြစ်ရေးတွက်၊ တပ်မက်မပြုရာ။

---

## ထက် အောက် အလယ် သရုပ်။

၁။ ။အနာဂတ်ကို အထက်၊ အတိတ်ကို အောက်၊ ပစ္စုပ္ပန်ကို အလယ်ဟု ခေါ်သည်။

၂။ ။ဘနည်း။ ။နတ်၊ အပါယ်၊ လူလောက။

၃။ ။တနည်း။ ။ကုသိုလ် အကုသိုလ်၊ အဗျာကတ။

၄။ ။တနည်း။ ။အရူပ၊ ကာမ၊ ရူပဓာတ်။

၅။ ။တနည်း။ ။သုခ၊ ဒုက္ခ၊ ဥပေက္ခာတို့ကို အစဉ်အတိုင်း ထက် အောက် အလယ် ခေါ်သည်။

(တနည်း ရှိသေး၏၊ အသိခက်သည်။)

(၁၃၁၈-ခု၊ တန်ခူးလဆုတ် ၈-ရက်နေ့မှ စ၍ ဟောသည်။)

http://www.dhammadownload.com



## သုတ္တနိပါတ် ပါရာယနဝဂ်

## ၆--ဥပသီဝ သုတ်။

၁။ ။ဧကော အဟံ သက္က မဟန္တမောဃံ၊
အနိဿိတော နော ဝိသဟာမိ တာရိတုံ။
အာရမ္မဏံ ဗြူဟိ သမန္တစက္ခု၊
ယံ နိဿိတော ဩဃမိမံ တရေယျံ။

အမှီချည်းနှီး၊ တကိုယ်တည်း၊
ရေစီးမကူးမြောက်နိုင်ပါ။
ရေလျဉ် အပေါင်း၊ လွန်နိုင်ကြောင်း၊
မှီကောင်း ညွှန်ကြားတော်မူပ။

၂။ ။အာကိဉ္စညံ ပေက္ခမာနော သတိမာ၊
နတ္ထီတိ နိဿာယ တရဿု ဩဃံ။
ကာမေ ပဟာယ ဝိရတော ကထာဟိ၊
တဏှာက္ခယံ နတ္တမဟာ ဘိပဿ။

အာကိဉ္စညာ၊ သင့်ရှိတာ၊
မှီကာရှု၍ ကူးသေလော့။
ဝိပဿနာဆိုတာ မိမိဉာဏ်ရှိသော တရားကိုရှုရသည်။
ထိုသဘောကိုပြသည်။

ကာမပယ်လှန်၊ မဝေဘန်၊
နိဗ္ဗာန်ညဉ့်နေ့ ရှုလေလော့။

(ရှုတိုင်းရှုတိုင်း တဒင်္ဂအားဖြင့်တဏှာကုန်ရာဒတင် နိဗ္ဗာန်သို့ရောက်၏။
အရိယမဂ်ဖိုလ် ခဏ၌ အစ္စန္တ နိဗ္ဗာန်သို့ရောက်၏။ ထို ၂ မျိုးလုံး ရောက်၍
ရှုပုံကိုဆိုသည်။)

http://www.dhammadownload.com



၃။ ။သဗ္ဗေသု ကာမေသု ယော ဝီတရာဂေါ၊
အာကိဉ္စညံ နိဿိတော ဟိတွာ မညံ။
သညာဝိမောက္ခေ ပရမေဝိမုတ္တော၊
တိဋ္ဌေ နုသော တတ္ထ အနာနုယာယီ။

သဗ္ဗေသု........
အာကိဉ္စညံ........
သညာဝိ........
တိဋ္ဌေယျသော တတ္ထ အနာနုယာယီ။

၄။ ။တိဋ္ဌေ စေသော တတ္ထ အနာနုယာယီ၊
ပူဂမ္ပိ ဝဿာန သမန္တစက္ခု။
တတ္ထေဝသော သီတိသိယာ ဝိမုတ္တော၊
စဝေထ ဝိညာဏံ တထာဝိဓဿ။

အာကိဉ္စညာ၊ ထိုဘုံမှာ၊
ရှည်စွာတည်ခဲ့သော်။
လွတ်မြောက်ပြီးလျှင်၊ ထိုမှာပင်၊
အစဉ် ငြိမ်းအေး ရာသလော။
သို့မဟုတ်ချေ၊ ဝိညာဏ်ကြွေ၊
စုတေရပါသေးသလော။

၅။ ။အစ္စိ ယထာ ဝါတဝေဂေန ခိတ္တာ၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ။
ဧဝံ မုနီ နာမကာယာ ဝိမုတ္တော၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ။

လေဖြင့်လွင့်ပျောက်၊ ဆီမီးတောက်။
ဘယ်ရောက် မဆိုသာ။
နာမ်အပေါင်းမှ၊ လွတ်မြောက်က၊
ချုပ်ရနည်းတူသာ။

၆။ ။အတ္ထင်္ဂတော သော ဥဒဝါ သော နတ္ထိ၊
ဥဒါဟုဝေ သဿတိယာ အရောဂေါ။
တံ မေ မုနီ သာဓု ဝိယာကရောဟိ၊
တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။

ချုပ်ပျောက်လေက၊ ထိုအတ္တ၊
လုံးဝ မရှိတော့ပြီလော။
သို့မဟုတ်လျှင်၊ ရှိမြဲပင်၊
အစဉ်ရှိ၍ နေသလော။

၇။ ။အတ္ထင်္ဂတဿ န ပမာဏာ မတ္ထိ၊
ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ။
သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊
သမူဟတာ ဝါဒပထာပိ သဗ္ဗေ။

http://www.dhammadownload.com



ဘိုင်းဆိုဘွယ်ရာ ချုပ်သူမှာ၊
ခန္ဓာကိလေ မရှိပြီ။
(တိုင်းစရာ ခန္ဓာလဲ မရှိ၊ ဆိုစရာ ကိလေသာလဲ မရှိ ဟူသူ။)
လုံးစုံ ဓမ္မ ပယ်ပြီးက၊
လုံး၀ဆိုဘွယ် မရှိပြီ။
(၁၁၁၈-ခု၊ ကဆုန်လဆုတ် ၈-ရက်မှ စ၍ ဟောသည်။)

---

## သုတ္တနိပါတ် ပါရာယနဝဂ်

## ၇--နန္ဒသုတ်။

၁။ "သန္တိ ဓ လောကေ မုနယော၊
ဇနာ ၀ဒန္တိ တယိဒံ ကထံသု။
ဉာဏူပပန္နံ မုနိနော ၀ဒန္တိ၊
ဥဒါဟု ဝေ ဇီဝိတေ နုပပန္နံ။

ရှုနိခေါ်ဆို၊ များထိုထို၊
ဘယ်လို ခွဲခြားရမည်နည်း။
ရှာန်ဉာဏ်ရှိနှင့်၊ ပြီးခြံကျင့်၊
ဆိုသင့် မုနိ မည်သူနည်း။

၂။ ။န ဒိဋ္ဌိယာ န သုတိယာ န ဉာဏေန၊
မုနီဓ နန္ဒ ကုသလာ ဝဒန္တိ။
ဝိသေနိ ကတွာ အနီဃာ နိရာသာ၊
စရန္တိ ယေ တေ မုနယောတိ ဗြူမိ။ ။

ကျွမ်းကျင်သူများ၊ အလိုအားဖြင့်၊
မြင်ကြားသန့်ဘိ၊ ဗျာန်ဉာဏ်ရှိ၊
မုနိ မဆိုအပ်သေးပေ။
မာရ်စစ်ပယ်ခွင်း၊ ဆင်းရဲကင်း၍၊
မြှော်ခြင်းအာသာ ပြတ်သူသာ၊
မှန်စွာ မုနိ ဆိုအပ်ပေ။

၃။ ။ယေ ကေစိ မေ သမဏ ဗြာဟ္မဏာ သေ။
ဒိဋ္ဌဿုတေ နာပိ ဝဒန္တိ သုဒ္ဓိံ။
သီလဗ္ဗတေ နာပိ ဝဒန္တိ သုဒ္ဓိံ၊
အနေက ရူပေန ဝဒန္တိ သုဒ္ဓိံ။
ကစ္စိဿု တေ တတ္ထ ယတာ စရန္တာ၊
အတာရု ဇာတိဉ္စ ဇရဉ္စ မာရိသ။ ။

ယေကေစိ........
ဒိဋ္ဌ........
သီလ........
အနေက........
ကိဉ္စာပိတေ တတ္ထ ယတာ စရန္တာ၊
နာတရိံသု ဇာတိ ဇရန္တိ ဗြူမိ။

http://www.dhammadownload.com



၄။ ။ယေ ကေစိ မေ သမဏာ ဗြာဟ္မဏာ သေ၊ ပ။
အနေက ရူပေန ဝဒန္တိ သုဒ္ဓိံ။
တေ စေ မုနီ ဗြူသိ အနောဃတိဏ္ဏေ။
အထ ကော စ ရဟိ ဒေဝ မနုဿ လောကေ၊
အတာရိ ဇာတိဉ္စ ဇရဉ္စ မာရိသ။ ။

သီလဗ္ဗတ၊ မြင်ကြားမှုဖြင့်၊
ဒုက္ခစင်ကြယ်၊ ဖြစ်နိုင်ဘွယ်၊
တကယ်မရှိသော်။
ဘယ်လိုလူမှ၊ ဖြစ်အိုက၊
လုံးဝ လွန်မြောက်ပါသနည်း။

၅။ ။ယေ သီဓ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ၊
သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ။
အနေက ရူပမ္ပိ ပဟာယ သဗ္ဗံ၊
တဏှံ ပရိညာယ အနာသဝါ သေ၊
တေ ဝေ နရာ ဩဃတိဏ္ဏာ တိ ဗြူမိ။

မြင် ကြား ရတာ၊ မင်္ဂလာ၊
ပယ်ခွာ သီလဗ္ဗတ။
ပိုင်းခြား၊ တဏှာ၊ အာသဝေါကွာ၊
လေးဖြာဩဃ လွန်မြောက်ရ။

ဤသုတ်၌ တဏှံ ပရိညာယ-ဖြင့် တဏှာကိုရင်း, ထိုတဏှာ၏ အာရုံဖြစ်သော မြင်မှု ကြားမှု စသည်ကိုရင်း, ပရိညာ ၃-ပါးဖြင့် သိရန် ဝိပဿနာ လုပ်ငန်းစဉ်ကို ပြသည်။

(၁၃၁၈-ခု၊ နယုန်လဆန်း ၈-ရက်နေ့ ဟောသည်။)

http://www.dhammadownload.com



## သုတ္တနိပါတ် ပါရာယဏဝဂ်

## ၈--ဟေမကသုတ်။

၁။ ။ယေ မေ ပုဗ္ဗေ ဝိယာကံသု၊
ဟုရံ ဂေါတမ သာသနာ။
ဣစ္စာသိ ဣတိ ဘဝိဿတိ၊
သဗ္ဗံ တံ ဣတိဟီတိဟံ။
သဗ္ဗံတံ တက္ကဝဍ္ဎနံ၊ နာဟံ တတ္ထ အဘိရမိံ။ ။

ဘုရားဆုံးမ၊ အပြင်မှ၊
ရှေးက ဟောကြတာ။
ဖြစ်ခဲ့ပြီ တဲ့၊ ဖြစ်မည် တဲ့၊
သတဲ့ နှုင့်ချည်းသာ။

(ပစ္စုပ္ပန်နှင့် မျက်မှောက် ကိုယ်တွေ့ကိုကား မဟောကြ၊ ဆိုလို၏။)

ကြံဆ တိုးပွား၊ ထိုတရား၊
ကျွန်ကား မကြိုက်ပါ။

၂။ ။တွဉ္စ မေ ဓမ္မ မက္ခာဟိ၊
တဏှာ နိဃာတနံ မုနိ။
ယံ ဝိဒိတွာ သတော စရံ၊
တရေ လောကေ ဝိသတ္တိကံ။ ။

တဏှာပယ်ရှား၊ မြတ်တရား၊ ဟောကြားညွှန်ပြပါ။
မှတ်ပြုကျင့်ငြား၊ ကြွင်တရား၊ ထင်ရှားသိသူမှာ။
လောကငြိစွဲ၊ ကျော်လွှန်မြဲ၊ ထိုဘဲ ဟောပြပါ။

http://www.dhammadownload.com



၃။ ။ဣစ္စ ဒ္ဒိ သုတ မုတ ဝိညာတေသု၊
ပိယ ရူပေသု ဟေမက။
ဆန္ဒ ရာဂ ဝိနောဒနံ၊
နိဗ္ဗာန ပဒမစ္စုတံ။ ။

မြင်ကြား ရောက်တယ်၊ သိတာရယ်၊
ချစ်ဖွယ် လေးမျိုးမှာ။
လိုလား နှစ်ခြိုက်၊ ပယ်ဖျောက်လိုက်၊
အမြိုက် နိဗ္ဗာန်ပါ။

၄။ ။ဧတ ဒညာယ ယေ သတာ၊
ဒိဋ္ဌ ဓမ္မာဘိနိဗ္ဗုတာ။
ဥပသန္တာ စ တေ သဒါ၊
တိဏ္ဏာ လောကေ ဝိသတ္တိကံ။ ။

နိဗ္ဗာန်သိရွေ့၊ တရားတွေ့၊
မှတ်လေ့ရှိသူမှာ။
ငြိမ်းအေးအမြဲ၊ လောကထဲ၊
ငြိတွယ်လွန်မြောက်ပါ။

(မာလုကျပုတ္တသုတ်မှ ဂါထာများ ဆောင်ပုဒ်များနှင့် တွဲရှုး ဟောရာ၏။)

(၁၃ ၁၈-၃ ဝါဆိုလပြည့်နေ့ ဟောသည်။)

http://www.dhammadownload.com

## ဓမ္မဒေသနာ ဆောင်ပုဒ်များ

## သုတ္တနိပါတ် ပါရာယနဝဂ်

# ၉-တောဒေယျသုတ်။

၁။ ။ယသ္မိံ ကာမာ န ဝသန္တိ၊ တဏှာ ယဿ န ဝိဇ္ဇတိ။
ကထံကထာ စ ယော တိဏ္ဏော၊
ဝိမောက္ခော တဿ ကီဒိသော။

ယုံမှားလွန်ကာ၊ ကာမကွာ၊ တဏှာမရှိပြီ။
ထိုပုဂ္ဂိုလ်အား၊ လွတ်မှုကား၊ အလားဘယ်သို့နည်း။

၂။ ။ယသ္မိံ ကာမာ န ဝသန္တိ၊ တဏှာ ယဿ န ဝိဇ္ဇတိ။
ကထံကထာ စ ယော တိဏ္ဏော၊
ဝိမောက္ခော တဿ နာပရော။ ။

ယုံမှားလွန်ကာ၊ ကာမကွာ၊ တဏှာမရှိပြီ။
ထိုပုဂ္ဂိုလ်အား၊ လွတ်မှုကား၊ တခြားမရှိပြီ။

၃။ ။နိရာသသော သော ဥဒ အာသသာနော၊
ပညာဏဝါ သော ဥဒ ပညကပ္ပီ။
မုနိံ အဟံ သက္က ယထာ ဝိဇညံ၊
တံ မေ ဝိယာစိက္ခ သမန္တစက္ခု။ ။

အာသာရှိလား၊ ကင်းသူလား၊
သူကား အဘယ်နည်း။
ကြံတွေးသူလား၊ ဉာဏ်ရှင်လား၊
သူကား အဘယ်နည်း။
မုနိ အမှန်၊ ဟောကြားရန်၊
တောင်းပန်ပါသတည်း။

http://www.dhammadownload.com



၄။ ။နိရာသသော သော န စ အာသသာနော၊
ပညာဏဂါ သော န စ ပညကပ္ပိ။
ဧဝံ ဟိ တောဒေယျ မုနိံ ဝိဇာန၊
အကိဉ္စနံ ကာမ ဘဝေ အသတ္တံ။ ။

ကြီးဆတွေးသိ၊ အာသာရှိ၊ ချွန် သူမမည်၊
အာသာကင်းပ၊ ညာဏ်ရှင်မှ၊ မုချ မုနိမည်၊
မုနိမှန်က၊ ကိဉ္စန၊ ကြောင့်ကြ မရှိပြီ၊
ကာမဂုဏ်ထဲ၊ ဘဝထဲ၊ ငြိတွယ် မရှိပြီ။

---

## မုနိ ၆-ပါး သရုပ်။

၁။ သစ္စာ ၄-ပါးကို သိမြင်သော လူဝတ်ကြောင် အရိယာပုဂ္ဂိုလ်ကို အဂါရမုနိ ခေါ်သည်၊
၂။ သစ္စာ ၄-ပါးကို သိမြင်သော ရှင်,ရဟန်း,အရိယာ ပုဂ္ဂိုလ်ကို အနဂါရမုနိ ခေါ်သည်။
၃။ ရဟန္တာ မဖြစ်သေးသော ကျင့်ဆဲ အရိယာ ၇-ပါးကို သေက္ခမုနိ ခေါ်သည်၊
၄။ ကျင့်ခြင်းကိစ္စ ပြီးပြီးသော ရဟန္တာ ပုဂ္ဂိုလ်ကို အသေက္ခမုနိ ခေါ်သည်။
၅။ ပစ္စေကဗုဒ္ဓါကို ပစ္စေကမုနိ ခေါ်သည်။
၆။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားကို မုနိမုနိဟု ခေါ် သည်၊

ဤသုတ်၌ ဥက္ကဋ္ဌ နည်းအားဖြင့် အသေက္ခမုနိကို **တိုက်ရိုက်** ပြထားသော်လည်း၊ သောတာပန် သေက္ခမုနိမှ **စ၍** ထိုက်သည့်အားလျော်စွာ အာသာ လျော့ပါး ကင်းငြိမ်းပုံ၊ သစ္စာ ၄-ပါးကို ကိုယ်တိုင်တွေ့သိသော ဉာဏ်နှင့် ပြည့်စုံပုံ **စသည်ကို** ရှင်းလင်း ဖော်ပြရာ၏။ ရှေး နန္ဒသုတ်၌လည်း ဤ သေက္ခ ၆-ပါးကို ထုတ်ပြသင့်၏။

(၁၃၁၈-ခု၊ ဝါဆိုလဆုတ် ၈-ရက်နေ့ ဟောသည်။)

---

သုတ္တနိပါတ် ပါရာယနဝဂ်

## ၁၀--ကပ္ပ သုတ်။

၁။ ။မဇ္ဈေ သရသ္မိံ တိဋ္ဌတံ၊
ဩဃေ ဇာတေ မဟဗ္ဘယေ။
ဇရာမစ္စုပရေတာနံ၊
ဒီပံ ပ ဗြူဟိ မာရိသ။ ။

ရေလျဉ်ကြောက်ဖွယ်၊ သမုဒ္ဒဝယ်၊
ရေလယ်ကျော၌ မျောကြရှာ။
အို,သေ လွှမ်းမိုး၊ လူသုံးမျိုး၊
ခိုကိုးဘို့ရာ ဟောပြပါ။

တွဉ္စ မေ ဒီပ မက္ခာဟိ၊
ယထယိဒံ နာပရံ သိယာ။ ။

ဒါမျိုးတဖန်၊ မဖြစ်ရန်၊
ကျွန်းမှန် ကျွန်အား ညွှန်ပြပါ။

http://www.dhammadownload.com



၂။ ။မဇ္ဈေ သရသ္မိံ တိဋ္ဌတံ၊
ဩဃေ ဇာတေ မဟဗ္ဘယေ။
ဇရာမစ္စုပရေတာနံ၊
ဒီပံ ပ ဗြူဟိ ကပ္ပတော။
ရေလျဉ် ကြောက်ဖွယ်၊ သမုဒ်ဝယ်၊
ရေလယ်ကျောက်ခွ မျောကြသည့်၊
အရှိ, သေ လွှမ်းမိုး၊ လူသုံးမျိုး၊
ခိုကိုးဘို့ရာ ဟောပြမည်၊
၃။ ။အကိဉ္စနံ အနာဒါနံ၊
ဧတံ ဒီပံ အနာပရံ။
နိဗ္ဗာန နံ ဣတိ နံ ဗြူမိ၊
ဇရာမစ္စုပရိက္ခယံ။ ။
ကြောင့်ကြ ကင်းစင်၊ စွန့်လွှတ်လျှင်၊
ထိုပင် ခိုရာ ဖြစ်တော့သည်၊
မအို, မနာ၊ မသေရာ၊
ထိုဟာ နိဗ္ဗာန် ဟု ဆိုသည်။
၄။ ။ဧတ ဒညာယ ယေ သတာ၊
ဒိဋ္ဌ ဓမ္မာဘိနိဗ္ဗုတာ။
န တေ မာရဝသာ နုဂါ၊
န တေ မာရဿ ပဒ္ဓဂူ။ ။
နိဗ္ဗာန်သိရှေ့၊ တရားတွေ့၊
မှတ်လေ့ရှိသူ ငြိမ်းအေးသည်၊
ငါးမာရ် အကြိုက်၊ လို မလိုက်၊
နောက်လိုက် စေခံ မဟုတ်ပြီ။
(၁၃၁၈-ခု၊ ဝါဆို လကွယ်နေ့ ဟောသည်။)

## သုတ္တနိပါတ် ပါရာယနဝဂ်

## ၁၁—ဇတုကဏ္ဏိသုတ်။

၁။ ။သုတွာ န ဟံ ဝီရမကာ မကာမိံ၊
ဩဃာတိဂံ ပုဋ္ဌုမကာ မမာဂမံ။
သန္တိ ပဒံ ဗြူဟိ သဟ ဇနေတ္တ၊
ယထာတစ္ဆံ ဘဂဝါ ဗြူဟိ မေတံ။ ။

လိုချင်ဘွယ်များ၊ အရှင့်အား၊
လိုလားမရှိ ကြားရပါ။
ရေလျှဉ်ကျော်သွား၊ အရှင်အား၊
လျှောက်ထားဘို့ရာ လာခဲ့ပါ။
ငြိမ်းအေးတရား၊ ကျွန်ုပ်အား၊
ဟောကြားမှန်စွာ ညွှန်ပြပါ။

၂။ ။ဘဂဝါဟိ ကာမေ အဘိဘုယျ ဣရိယတိ၊
အာဒိစ္စောဝ ပထဝိံ တေဇီ တေဇသာ။
ပရိတ္တ ပညဿ မေ ဘူရိပည၊
အာစိက္ခ ဓမ္မံ ယ မဟံ ဝိဇညံ၊
ဇာတိ ဇရာယ ဣဓ ဝိပ္ပဟာနံ။ ။

နေရောင်မြေပြင်၊ လွှမ်းသည့်သွင်၊
အရှင် လွှမ်းမိုး ကာမမှာ။

http://www.dhammadownload.com



ပညာကြီးမား၊ ရှင်ဘုရား၊
ကျွန်ကား ပညာ နည်းလှပါ။
ဖြစ်အို ပယ်ရှား၊ မြတ်တရား၊
ကျွန်အား သိအောင် ဟောပြပါ။

၃။ ။ကာမေသု ဝိနယ ဂေဓံ၊
နေက္ခမ္မံ ဒဋ္ဌု ခေမတော။
ဥဂ္ဂဟိတံ နိရတ္တံ ဝါ၊
မာ တေ ဝိဇ္ဇိတ္ထ ကိဉ္စနံ။ ။

ထွက်မြောက်သမှု၊ ဘေးခဲ့ဟု၊
ကြည့်ရှုထင်မြင်စေ။
ကာမဂုဏ်ဝယ်၊ မက်မောတွယ်၊
ဖျောက်ပယ် ပစ်ပါလေ။
စွဲလမ်းပယ်ချ၊ စိတ်ကြောင့်ကြ၊
လုံးဝ ကင်းပါစေ။

၄။ ။ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊
ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟေဿသိ၊
ဥပသန္တော စရိဿသိ။ ။

ရှေးကိလေသာ၊ ခြောက်စေပါ၊
နောက်မှာ ကြောင့်ကြရှင်းရမည်၊
အလယ်လဲ သင်၊ မစွဲလျှင်၊
အစဉ် ငြိမ်းအေး ပါလိမ့်မည်။

http://www.dhammadownload.com



၅။ ။သဗ္ဗသော နာမရူပသ္မိံ၊
ဝီတ ဂေဓော ဗြာဟ္မဏ။
အာသ ဝါဿ န ဝိဇ္ဇန္တိ၊
ယေဟိ မစ္စုပဝံ ဝဇေ။

နာမ်ရုပ်ပေါ်ဝယ်၊ မက်မောတွယ်၊
တကယ်အလျှင်း ကင်းသူမှာ။
သေကြောင်းမှန်လှ၊ အာသဝ၊
မရှိ မရှိတော့သည်သာ။
(၁၃၁၈-ခု၊ ဝါခေါင်လဆန်း ၈-ရက်နေ့ ဟောသည်။)
အထူး ကောင်း၍ အသံဖမ်းထားသည်။

---

သုတ္တနိပါတ် ပါရာယဏဝဂ်

## ၁၂-ဘဒြာဝုဓသုတ်။

၁ ။ဩကဉ္ဇဟံ တဏှစ္ဆိဒံ အနေဇံ၊
နန္ဒိဉ္ဇဟံ ဩဃတိဏ္ဏံ ဝိမုတ္တံ။
ကပ္ပဉ္ဇဟံ အဘိယာစေ သုမေဓံ၊
သုတွာန နာဂဿ အပ နမိဿန္တိ ဣတော။ ။

နေအိမ်စွန့်လတ်၊ တဏှာဖြတ်၊
ရှင်မြတ် လှုပ်ရှား ကင်းပေသည်။
ပျော်မွေ့ပယ်ရှား၊ ရေလျဉ်များ၊
ကျော်သွား လွတ်မြောက် ပါပေသည်။

http://www.dhammadownload.com



ကြီးထွေးပယ်ရှား၊ ဥာဏ်ရှင်အား၊
ညွှတ်ဘွားဘောင်းဝန် လျှောက်ပါသည်။
အရှင် မိန့်ဟာ၊ နာ ပြီးမှ၊
ဇိက ဖဲခွါ ကြပါမည်။

၂။ ။နာနာ ဇနာ ဇနပဒေဟိ သင်္ဂတာ၊
တဝဝီရ ဝါကျံ အဘိကင်္ခမာနာ။
တေသံ တုဝံ သာဓု ဝိယာကရောဟိ၊
တထာဟိ တေ ဝိဒိတော ဧသ ဓမ္မော၊

နယ်အဖုံဖုံ၊ လူမျိုးစုံ၊
ရုံပြုံ ရောက်ရှိ နေပါသည်။
အရှင့် စကား၊ မြတ် တရား၊
စောင့်စား တောင့်တ နေပါသည်။
ထိုသူတို့အား၊ ရှင် ဘုရား၊
ထင်ရှား ဟော စေလိုပါသည်။
အကြောင်းမှုကား၊ ယင်း တရား၊
ရှင့်အား သိပြီးမို့ပါတည်း။

၃။ ။အာဒါနတဏှံ ဝိနယေထ သဗ္ဗံ၊
ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။
ယံ ယဉှိ လောကသ္မိ မုပါဒိယန္တိ၊
တေနေဝ မာရော အန္ဝေတိ ဇန္တုံ။

ထက် အောက် လယ်မှာ၊ စွဲလမ်းဆာ၊
တဏှာ အားလုံး ပယ်ဖျောက်လော။

http://www.dhammadownload.com

## မဓမ္မဒေသနာ ဆောင်ပုဒ်များ

စွဲလမ်း ရာရာ၊ လောကမှာ၊
ခန္ဓာသေမင်း လိုက်မြဲပေ။

၄။ ။တသ္မာ ပဇာနံ န ဥပါဒိယေထ၊
ဘိက္ခု သဗ္ဗလောကေ ကိဉ္စနံ သဗ္ဗလောကေ။
အာဒါနသတ္တေ ဉတိ ပေက္ခမာနော၊
ပဇံ ဣမံ မစ္စု ဓေယျေ ဝိသတ္တံ။ ။

ထို့ကြောင့် စွဲဘွယ်၊ ခန္ဓာဝယ်၊
ငြိတွယ်နေတဲ့ သူတွေဟာ။
သေမင်း နယ်ပယ်၊ ငြိ နေတယ်၊
တကယ် ထင်အောင် ရှုလိုက်ပါ။
သို့ ရှုပြီးလျှင်၊ ယောဂီရှင်၊
အစဉ် မှတ်လျက် သိနေပါ။
လုံးစုံ လောက၊ ဘာတိုမှ၊
တောင့်တ စွဲလမ်း မရှိရာ။

(၁၃၁၈-ခု၊ ဝါခေါင် လပြည့်နေ့ ဟောသည်။)

---

http://www.dhammadownload.com



## သုတ္တနိပါတ် ပါရာယနဝဂ်

## ၁၃-ဥဒယသုတ်။

၁။ ။ဈာယိံ ဝိရဇမာသိနံ၊
ကတကိစ္စံ အနာသဝံ။
ပါရဂုံ သဗ္ဗ ဓမ္မာနံ၊
အတ္ထိ ပဥှေန အာဂမံ။
အညာ ဝိမောက္ခံ ပ ဗြူဟိ၊
အဝိဇ္ဇာယ ပဘေ ဒနံ။ ။

သုံးလူ့ရှင်ပင်၊ မြတ်ကင်းစင်၊
ဈာန်ဝင် နေလေ့ ရှိပေစွာ။
အာသဝေါ ကုန်ဆုံး၊ ကိစ္စတုံး၊
အားလုံး ပါရဂူ မြောက်ပေစွာ။
ပါရဂူမြောက်၊ ရှင့် ထံမှောက်၊
မေးလျှောက် လို၍ လာခဲ့ပါ။
အဝိဇ္ဇာပယ်ဖျောက်၊ သိဥာဏ်ပေါက်၊
လွတ်မြောက် တရား ဟောပြပါ။

၂။ ။ပဟာ နံ ကာမစ္ဆန္ဒာနံ၊ ဒေါမနဿာ န စူဘယံ။
ထိ နဿ စ ပ နုဒနံ၊ ကုက္ကုစ္စာ နံ နိဝါရဏံ။ ။

နှလုံးမသာ၊ လိုချင်တာ၊
ပယ်ခွါ စွန့်ပေသည်။
ပျင်းရိထိန၊ ကုက္ကုစ္စ၊
နှောင်တသဲ့ ပယ်သည်။

http://www.dhammadownload.com

## ဓမ္မဒေသနာ ဆောင်ပုဒ်များ

၃။ ။ဥပေက္ခာ သတိ သံသုဒ္ဓံ၊
ဓမ္မတက္က ပုရေဇဝံ။
အညာ ဝိမောက္ခံ ပ ဗြူမိ၊
အဝိဇ္ဇာယ ပဘေ ဒနံ။ ။

လစ်လျူ ရှုကာ၊ သတိမှာ၊
ကောင်းစွာ သန့်ရှင်းသည်။
တရားကြံချက်၊ ရှေ့ဆောင်လျက်၊
ချီတက် နိဗ္ဗာန်ဆီ။
အဝိဇ္ဇာပယ်ဖျောက်၊ သိဉာဏ်ပေါက်
လွတ်မြောက်တရား မည်ပေသည်။

၄။ ။ကိံသု သံယောဇနော လောကော၊
ကိံသု တဿ ဝိစာရဏံ။
ကိဿဿု ဝိပ္ပဟာနေန၊
နိဗ္ဗာနံ ဣတိ ဝုစ္စတိ။ ။

ဘယ်ကြိုး နှောင်ထား၊ လူပေါင်းအား၊
စဉ်းစားတာက အဘယ်နည်း။
ဘာကိုပယ်က၊ နိဗ္ဗာန၊
မုချ ခေါ်ဆိုအပ်သနည်း။

၅။ ။နန္ဒိသံယောဇနော လောကော၊
ဝိတက္ကဿ ဝိစာရဏာ။
တဏှာယ ဝိပ္ပဟာနေန၊
နိဗ္ဗာနံ ဣတိ ဝုစ္စတိ။ ။

နှစ်သက် နှောင်ထား၊ လူပေါင်းအား၊
စဉ်းစားတာက ဝိတက်တည်း။

http://www.dhammadownload.com

## ၁၃–ဥဒယသုတ်

တဏှာ ပယ်က၊ နိဗ္ဗာနာ၊
ခုချ ခေါ် ဆို အပ်သတည်း။

၆ ကထံ သတဿ စရတော၊
ဝိညာဏံ ဥပရုဇ္ဈတိ။
ဘဂဝန္တံ ပုဋ္ဌု မာဂမာ၊
တံ သုဏောမ ဝစောတဝ။

ဘယ်သို့ အမှတ်ရ၊ ကျင့်သုံးက၊
လုံးဝ ဝိညာဏ် ချုပ်သနည်း။
ထိုအကြောင်း မိန့်ကြား၊ ရှင့် စကား၊
မှတ်သား နာလိုပါသတည်း။

၇ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊
ဝေဒနံ နာဘိ နန္ဒတော။
ဧဝံ သတဿ စရတော၊
ဝိညာဏံ ဥပရုဇ္ဈတီ"တိ ။

တွင်းပြင် ၂ ဘက်၊ ခံစားချက်၊
နှစ်သက်ကင်းအောင် မှတ်ရမည်။
သို့ အမှတ်ရ၊ ကျင့်သုံးက၊
လုံးဝ ဝိညာဏ် ချုပ်တော့သည်။

(၁၃၁၈-၃၊ ဝါခေါင်လဆုတ် ၈-ရက်နေ့ ဟောသည်။)

http://www.dhammadownload.com

ဓမ္မဒေသနာ ဆောင်ပုဒ်များ

သုတ္တနိပါတ် ပါရာယနဝဂ်

# ၁၄- ပေါသာလ သုတ်။

၁။ ။ယော အတီတံ အာဒိသတိ၊
အနေဇော ဆိန္နသံသယော။
ပါရဂုံ သဗ္ဗ ဓမ္မာနံ၊
အတ္ထိ ပဥှေန အာဂမိံ။ ။

အတိတ် ဟောကြား၊ မလှုပ်ရှား၊
ယုံမှား ကင်းပြတ် ပါပေသည်။
ပါရဂူ မြောက်၊ ရှင့် ထံမှောက်၊
မေးလျှောက်လို၍ လာပါသည်။

၂။ ။ဝိဘူတ ရူပသညိဿ၊
သဗ္ဗကာယ ပဟာယိနော။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊
နတ္ထိ ကိဉ္စီတိ ပဿတော။
ဉာဏံ သက္က နုပုစ္ဆာမိ၊
ကထံ နေယျော တထာဝိဓော။

ရုပ်မှတ် ကင်းပ၊ ရုပ် ဘဝ၊
ကာယ လုံးစုံ ပယ်ပြီးလျှင်။
မရှိ နည်းငယ်၊ ရှုသူဝယ်။
တက်ဖွယ် ဉာဏ်ကား အဘယ်နည်း။
ထိုသို့ ပုဂ္ဂိုလ်၊ ဘယ်ဉာဏ်ကို၊
ဘယ်လို ပွားစေအပ်သနည်း။

၃။ ။ဝိညာဏဋ္ဌိတိယော သဗ္ဗာ၊
အဘိဇာနံ တထာဂတော။
တိဋ္ဌန္တမေနံ ဇာနာတိ၊
ဝိမုတ္တံ တပ္ပရာယဏံ။ ။

ဝိညာဏ်တည်ဌာန်၊ မကြွင်းကျန်၊
အမှန် ဗုဒ္ဓ သိပါသည်။
တည်နေစဉ်လဲ၊ ဗိတ်ညွှတ်စွဲ။
လျှောင်း လဲ မှီရာ သိပါသည်။

၄။ ။အာကိဉ္စညာ သမ္ဘဝံ ဉတွာ၊ နန္ဒီ သံယောဇနံ ဣတိ။
ဧဝ မေတံ အဘိညာယ၊ တတော တတ္ထ ဝိပဿတိ။
ဧတံ ဉာဏံ တထံ တဿ၊
ဗြာဟ္မဏဿ ဝုသီမတော။ ။

နန္ဒီယှဉ်က၊ ကိဉ္စညာ၊
ဘဝ ဖြစ်စေသည်။
သို့ သိပြီးလတ်၊ ထိုဈာန်မြတ်၊
ဝိပဿ ရှုရသည်။
ကျင့်သုံးပြီးလတ်၊ သူမြတ်သန္တာ ထိုသိဉာဏ်
အမှန် ဖြစ်တော့သည်။

(၁၃၁၈-ခု၊ တော်သလင်း လပြည့်နေ့ ဟောသည်။)

## သုတ္တနိပါတ် ပါရာယနဝဂ်

## ၁၅-မောဃရာဇသုတ်။

၁။ ။ဒွါဟံ သက္ကံ အပုစ္ဆိသံ၊
န မေ ဗျာကာသိ စက္ခုမာ။
ယာဝတတိယဉ္စ ဒေဝီသိ၊
ဗျာကရောတီတိ မေ သုတံ။ ။

သာကီနွယ်အား၊ မေးလျှောက်ထား၊
ကျွန်ကား ၂-ကြိမ် ရှိခဲ့ပါ။
မျက်စိငါးပါး၊ မြတ်ဘုရား၊
ကျွန်အား မဖြေရသေးပါ။
သုံးကြိမ်မြောက်က၊ မြတ်ဗုဒ္ဓ၊
မိန့်ဟာစမြဲ ကြားဘူးပါ။

---

### မျက်စိ ငါးပါးသရုပ်။

(၁) မံသစက္ခု....

နေ့ရော ညဉ့်ပါ တယူဇနာ ပတ်လယ် အတွင်း၌ ထင်လင်းစွာမြင်နိုင်သော ပကတိမျက်စိနှင့်လဲ ပြည့်စုံတော် မူပေသော မြတ်စွာဘုရား။

(၂) ဒိဗ္ဗစက္ခု....

စကြဝဠာ အနန္တ၌ သတ္တဝါများ စုတေပုံ ဘဝသစ် ဖြစ်ပုံ အလုံးစုံ မြင်နိုင်သော ဒိဗ္ဗ မျက်စိနှင့်လဲ ပြည့်စုံတော် မူပေသော မြတ်စွာဘုရား။

http://www.dhammadownload.com



(၃) ပညာစက္ခု....

အသဗ္ဗလ ဉာဏ်တော်ဆယ်ပါး အစရှိသော ပညာမျက်စိနှင့်လည်း ပြည့်စုံတော် မူပေသော မြတ်စွာဘုရား။

(၄) ဗုဒ္ဓစက္ခု....

သတ္တဝါတို့၏ စိတ်နေ စိတ်ထားနှင့် ကိန်းနေသည့် ကိလေသာကို သိသော အာသယာနုသယဉာဏ်၊ ဣန္ဒြေ အနု အရင့်ကို သိသော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် ဟူသော ဗုဒ္ဓ မျက်စိနှင့်လည်း ပြည့်စုံတော် မူပေသော မြတ်စွာဘုရား။

(၅) သမန္တစက္ခု....

ဆင်ခြင်တော် မူ လျှင် အလုံးစုံကို သိနိုင်သည့် သဗ္ဗညုတဉာဏ် တည်းဟူသော သမန္တမျက်စိနှင့်လည်း ပြည့်စုံတော် မူပေသော မြတ်စွာဘုရား။

၂။ ။အယံ လောကော ပရောလောကော၊
ဗြဟ္မလောကော သဒေဝကော။
ဒိဋ္ဌိံ တေ နာဘိ ဇာနာတိ၊ ဂေါတမဿ ယသဿိနော။

တပါးလောက၊ ဤလောက၊
ဒေဝ ဗြဟ္မာ လောကပါ။
အရှင့် သန္တာန်၊ ရှိသည့် ဉာဏ်၊
အမှန် မသိနိုင်ကြပါ။

၃။ ။ဧဝံ အဘိက္ကန္တေ ဒသာဝိဓိံ၊
အဗ္ဘုပဋ္ဌေန အာဂမ္မံ။
ကထံလောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။ ။

မြတ်လှ သို့စင်၊ ဥာဏ်တော်ရှင်၊
မေးချင်သောကြောင့် လာခဲ့ပါ။
သေမင်းပုံလို၊ လောကကို၊
ဘယ်လို ရှုအပ်ပါသနည်း။

၄။ ။သုညတော လောကံ အဝေက္ခဿု၊
မောဃ ရာဇ သဒါ သတော။
အတ္တာ နု ဒိဋ္ဌိံ ဦဟစ္စ၊
ဧဝံ မစ္စု တရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာ ဇာ န ပဿတိ။ ။

အမြဲမှတ်ပြု၊ ဆိပ်သည်ဟု၊
ကြည့်ရှု လောကမှာ။
ငါကောင် ထင်ထား၊ အယူမှား၊
ပယ်ရှား နှုတ်ပစ်ပါ။
သို့ ရှုမြင်က၊ သေဘေးမှ၊
မုချ လွတ်မြောက်ပါ။
လောက ခပင်း၊ သို့ ရှုလျှင်း၊
သေမင်း မမြင်နိုင်တော့ပါ။

( ၁၃၁၈-ခု၊ တော်သလင်း လဆုတ် ၈-၁၅-ရက်နေ့ ဟောသည်။ )

---

http://www.dhammadownload.com



## သုတ္တနိပါတ် ပါရာယနဝဂ်

## ၁၆–ပိင်္ဂိယသုတ်။

၁။ ။ဇိဏ္ဏောဟမသ္မိ အဗလော ဝီတဝဏ္ဏော၊
နေတ္တာ န သုဒ္ဓါ သဝနံ န ဖာသု။
မာဟံ နဿံ မောမုဟော အန္တရာဝ၊
အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ၊
ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ။ ။

အရွယ် အိုမင်း၊ ရုပ်အဆင်း၊
ယိုယွင်းအားနဲ့ နေပါပြီ၊
မျက်စိလဲမှုံ၊ နားလဲထုံ၊
အကုန် ချို့ယွင်း နေပါပြီ။
ကြားထဲတွင်သာ၊ တွေဝေကာ၊
သေမှာ စိုးရွံ့လှပါသည်။
ဖြစ်အို ပယ်ရှား၊ မြတ်တရား၊
ညွှန်ကြား ဟောစေ လိုပါသည်၊

၂။ ။ဒိသွာန ရူပေသု ဝိဟညမာနေ၊
ရုပ္ပန္တိ ရူပေသု ဇနာ ပမတ္တာ၊
တသ္မာ တုဝံ ပိင်္ဂိယ အပ္ပမတ္တော၊
ဇဟဿု ရူပံ အပုနဗ္ဘဝါယ။ ။

ရုပ်ရှိသည့်အတွက်၊ အနှိပ်စက်၊
ခံလျက် နေကြ ရချေသည်၊

http://www.dhammadownload.com



မေ့လျော့နေလျှင်၊ ရုပ်ကြောင့်ပင်၊
လူရှင် ဖေါက်ပြန် ကြရသည်။
ထို့ကြောင့်တဖန်၊ မဖြစ်ရန်၊
ရူပံ မှတ်ပြု ပယ်ရမည်။

၃။ ။ဒိသာ စ တဿော ဝိဒိသာ စတဿော၊
ဥဒ္ဓံ အဓော ဒသ ဒိသာ ဣမာ ယော။
န တုယှံ အဒိဋ္ဌံ အသုတံ အမုတံ၊
အထော အဝိညာတံ ကိဉ္စန မတ္ထိ လောကေ။
အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ၊
ဇာတိ ဇရာယ ဣဓ ဝိပ္ပဟာနံ။ ။

ရပ် ဆယ်မျက်နှာ၊ မသိတာ၊
ရှင့်မှာ လုံးဝ ကင်းပေသည်။
ဖြစ်အို ပယ်ရှား၊ မြတ်တရား၊
ညွှန်ကြား ဟောစေ လိုပါသည်။

၄။ ။တဏှာ ဓိပန္နေ မနုဇေ ပေက္ခမာနော၊
သန္တာ ပဇာ တေ ဇရသာ ပရေတေ။
တသ္မာ တုဝံ ပိင်္ဂိယ အပ္ပမတ္တော၊
ဇဟဿု တဏှံ အပုနဗ္ဘဝါယ။ ။

တဏှာ ခြောက်တွေ၊ နှိပ်စက်နေ၊
လူတွေဖြစ်ပုံ ကြည့်ရမည်။

http://www.dhammadownload.com



အိုဘေးနှိပ်စက်၊ ပူလောင်လျက်၊
သက်သက်ဆင်းရဲ နေကြသည်။
ထိုကြောင့် တဖန်၊ မဖြစ်ရန်၊
တဏှာ မှတ်ပြု ပယ်ရမည်။

ပိင်္ဂိယသုတ် ပြီး၏။

http://www.dhammadownload.com

# ပါရာယနဝဂ် နိဂုံး။

၁။ ။ဧက မေကဿ ပဉှဿ၊
ယထာ ဗုဒ္ဓေန ဒေသိတံ။
တထာ ယော ပဋိပဇ္ဇေယျ၊
ဂစ္ဆေ ပါရံ အပါရတော။ ။

၂။ ။အပါရာ ပါရံ ဂစ္ဆေယျ၊
ဘာဝေန္တော မဂ္ဂ မုတ္တမံ။
မဂ္ဂေါ သော ပါရံ ဂမနာယ၊
တသ္မာ ပါရာယနံ ဣတိ။ ။

သုတ် ဆယ့်ခြောက်ပါး၊ မေးခွန်းများ၊
တပါးပါးမှာပင်။

ဘုရား ဟောပြ၊ နည်းအရ၊
ကျနစွာ ကျင့်လျှင်။

ပွားလျက် မဂ်လမ်း၊ ဟိုဘက်ကမ်း၊
တက်လှမ်း နိဗ္ဗာန်ဝင်။

ပါရာယနာ၊ မည့် နာမ၊
ခေါ်ရ ထို့ကြောင့်ပင်။

**ပါရာယနဝဂ် တရားတော် ဆောင်ပိုဒ်**
**အဆုံးခံ ပြီး၏။**

၁၃၁၈-ခုနှစ်၊ (၇) နှစ်မြောက် ဩဝါဒခံယူ
ပူဇော်ပွဲတွင်

## ဤစာအုပ် လှူဒါန်းကြသူများ။

---

| | |
|---|---|
| ဦးချက် ဒေါ်စော နှင့် သမီးများ | အုပ်ရေ ၅၀၀။ |
| ဒေါ်သန်းမေ နှင့် သားသမီးများ | အုပ်ရေ ၅၀၀။ |
| ဒေါ်ကုမ္မာရိ (သာသနရိပ်သာ ယောဂီ ဟောင်း) | အုပ်ရေ ၅၀။ |
| သာသနရိပ်သာ ယောဂီများ | အုပ်ရေ ၆၀။ |
| ဒေါ်စုံ ဒေါ်လှ ယောဂီ | အုပ်ရေ ၂၅။ |